# 5W ပုံစံဖြည့်ခြင်း လမ်းညွှန်သင်တန်း

မြန်မာနိုင်ငံအတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်လျက် ရှိကြသည့် အလှူရှင်များ အပါအဝင် အဖွဲ့အစည်းအသီးသီးတို့၏ လုပ်ငန်းရပ်များကို စီမံချက်ရေးဆွဲခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းများအတွက် ၂၀၀၈ ခုနှစ်နာဂစ်မုန်တိုင်းသင့်ဒေသများ အကူအညီပေးရေးကာလမှစတင်ပြီး MIMUမှ ပြုစုထုတ်ပြန်သော 5W (Who/What/Where/When /for Whom - မည့်သည့်အဖွဲ့သည် မည်သည့်လုပ်ငန်းအား မည်သည့်နေရာ၊ မည်သည့်အချိန်တွင် မည်သူ့အတွက် လုပ်ဆောင်လျက်ရှိသည်) သတင်းအချက်အလက်များအား အဓိကမှီငြမ်း အသုံးပြုနေကြပါသည်။ 5W တွင် တိုးတက်ပြောင်းလဲနေမှုများအား အချိန်နှင့်တပြေးညီ တင်ပြပေးနိုင်ရန်အတွက် အစီရင်ခံစာများကို ၆လတစ်ကြိမ် ထုတ်ပြန်နိုင်ရန် ကြိုးစားဆောင်ရွက်လျက် ရှိပါသည်။ ၂၀၂၆ ခုနှစ်၏ ဖေဖော်ဝါရီလ 5W အစီရင်ခံစာတွင် အဖွဲ့အစည်းပေါင်း ၁၉၈ ဖွဲ့၏ လက်တွဲပါဝင်မှုဖြင့် စီမံကိန်းအခြေအနေများကို သုံးသပ်တင်ပြပေးနိုင်ခဲ့ပါသည်။ ၂၀၂၆ အောက်တိုဘာလတွင် ထပ်မံထွက်ရှိမည့် 5W အစီရင်ခံစာနှင့် မြေပုံများအတွက် အဖွဲ့အစည်းများ၏ စီမံကိန်းအချက်အလက်များကို စတင်ကောက်ယူလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံအတွင်း ဆောင်ရွက်လျက်ရှိကြသော လုပ်ငန်းများ၏ 5W အချက်အလက်များကို ပြည့်ပြည့်စုံစုံ တင်ပြပေးနိုင်ရေးအတွက်သာမက မိမိတို့စီမံကိန်းလုပ်ငန်းများ၏ တိုးတက်ပြောင်းလဲမှုများကို ထင်ဟပ်ဖော်ပြနိုင်ရန်အတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများ အားလုံး၏ ပူးပေါင်းပါဝင်မှုမှာ မရှိမဖြစ် လွန်စွာမှ အရေးကြီးလှပါသည်။

## ပုံစံဖြည့်ခြင်း လမ်းညွှန်သင်တန်းများ

MIMU အနေဖြင့် အဖွဲ့အစည်းများအား စီမံကိန်း အချက်အလက်များ ဖြည့်သွင်းရာတွင် လွယ်ကူသက်သာစေရန်အတွက် အထောက်အကူပြု လမ်းညွှန်သင်တန်းများပေးရန် ဆောင်ရွက်နေပါသည်။ အဆိုပါသင်တန်းများတွင် မိမိတို့အဖွဲ့အစည်းများ၏ လုပ်ငန်းအချက်အလက်များကို 5W ပုံစံ၌ အခက်အခဲမရှိ ဖြည့်သွင်းနိုင်ရန် MIMUမှ အသေးစိတ် ကူညီပေးသွားမည်ဖြစ်ပါသည်။ မြန်မာဘာသာဖြင့် ပို့ချပေးမည့် ဤသင်တန်းကို တစ်ကြိမ်သာ တက်ရောက်ရန် လိုအပ်ပြီး စီမံကိန်း အချက်အလက်များကို အဓိကတာဝန်ယူနေရသည့် ဝန်ထမ်းများ တက်ရောက် သင့်ပါသည်။

**လမ်းညွှန်သင်တန်းများ ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်**

- အဖွဲ့အစည်းများ အနေဖြင့် မိမိတို့ စီမံကိန်း အချက်အလက်များကို 5W ပုံစံတွင် ဖြည့်သွင်းရာ၌ ပိုမိုနားလည် လွယ်ကူလာစေရန်။
- အဖွဲ့အစည်းများအား သက်ဆိုင်ရာ စီမံကိန်းဒေသများအတွက် ဒေသယူနစ်နံပါတ် (PCode) များနှင့် ယှဉ်တွဲ ဖော်ပြပေးနိုင်မည့် အသုံးပြုနည်းများကို လမ်းညွှန် သင်ကြားပေးနိုင်ရန်။

**တက်ရောက်သင့်သူများ**

စီမံကိန်း အချက်အလက်ကို တာဝန်ယူရသည့် ဝန်ထမ်းများ/ 5W တွင် စီမံကိန်း အချက်အလက်များကို ထည့်သွင်းရသည့် ဝန်ထမ်းများ

သင်တန်းအား ၅ ကြိမ်ပြုလုပ်မည်ဖြစ်ပြီး မိမိတက်ရောက်လိုသည့် နေ့ရက်အား ဖေါ်ပြပါ လင့်မှတဆင့် ကြိုတင်စာရင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

| | |
|---|---|
| ရက်စွဲ | : ၂၆ ရက် ၊ ဩဂုတ်လ ၊ ၂၀၂၆ (ဗုဒ္ဓဟူး) |
| | ၂၇ ရက် ၊ ဩဂုတ်လ၊ ၂၀၂၆ (ကြာသပတေး) |
| | ၂၈ရက် ၊ ဩဂုတ်လ၊ ၂၀၂၆ (သောကြာ) |
| | ၂ ရက် ၊ စက်တင်ဘာလ ၊ ၂၀၂၆ (ဗုဒ္ဓဟူး) |
| | ၃ ရက် ၊ စက်တင်ဘာလ ၊ ၂၀၂၆ (ကြာသပတေး) |
| အချိန် | : နေ့လည် ၂း၀၀ နာရီ မှ ၄း၀၀ နာရီအထိ။ |
| စာရင်းပေးရန် | : https://ee-eu.kobotoolbox.org/x/aiO8q5GL |

(သင်တန်းတက်ရောက်မည့်သူများအား MIMU မှ Zoom Meeting Link ကို ပေးပို့ပါမည်။)

**ဆက်သွယ်ရမည့်လိပ်စာ**

ဦးဇင်မင်းထွန်း၊ Database Analyst

Myanmar Information Management Unit

United Nations Development Programme (UNDP)

အီးမေးလ် - zin.min.tun@undp.org

ဖုန်း- 09- 77 40 777 61, 09 45165 5539